www.kelasa.org

# ပေထက်အက္ခရာတင် နောက်ကျပေမယ့်



ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား၊

(၁) တပည့်တော် သိရသလောက် ဗုဒ္ဓ၏တရားတော်များကို ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန် စံပြီးနောက် နှစ်ပေါင်း များစွာ ကြာပြီးမှ စာအုပ်အဖြစ်နှင့် ရေးသား မှတ်တမ်းတင်သည်ဟု ကြားဖူးပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဓမ္မ အတွင်းသို့ အခြားဘာသာ တရားမှ အယူအဆများ ဝင်ရောက် ရောထွေးခြင်းမှ ကင်းလွတ်နိုင်ပါမည်လော။ နှောင်းခေတ်မှာလည်း ဓမ္မရေးရာ အဓိပ္ပာယ် ကောက်ယူမှု ကွဲလွဲသောကြောင့်ပင် ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများ ဖြစ်ပေါ်လာသည်ဟု ယူဆပါသည်။

(၂) တပည့်တော်တို့ မြန်မာလူမျိုးများသည် ကမ္ဘာပေါ်မှာ ဗုဒ္ဓဝါဒကို အကြည်ညိုဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ သို့ဖြစ်ပါလျက် တပည့်တော်တို့ မြန်မာနိုင်ငံ ဆင်းရဲ မွဲတေပြီး အောက်တန်းကျနေရပါသနည်း။ ဖိနှိပ်မှု အမျိုးမျိုးမှ မလွတ်မြောက်ဘဲ ရှိရပါသနည်း။ ဗုဒ္ဓရဲ့ တရားတော်ကြောင့် တပည့်တော်တို့ မြန်မာနိုင်ငံ ချမ်းသာ ကြွယ်ဝသင့်သည် မဟုတ်ပါလော ဘုရား။ ဆရာတော်ရဲ့ အမြင်ကို သိပါရစေ။

စိုးပိုင်၊ နယူးယောက်

---

## အာဂုံဆောင် အစဉ်အလာ

ဗုဒ္ဓရဲ့ နောက်က အမြဲလိုက်ပါရတဲ့ အရှင်အာနန္ဒာဟာ ခုခေတ် အသံဖမ်းစက်လို ဗုဒ္ဓဟောသမျှ တရားတွေကို စိတ်အာရုံမှာ အတိအကျ မှတ်တမ်းတင်နိုင်ခဲ့တယ်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံလို့ သုံးလအကြာမှာ ရဟန္တာငါးရာ စည်းဝေးပြီး ဗုဒ္ဓဓမ္မကို နိကာယ် အနေနဲ့ ငါးရပ်၊ ပိဋကတ်အနေနဲ့ သုံးပုံလို့ စနစ်တကျ စုစည်းကြတဲ့အခါ အရှင်အာနန္ဒာလဲ ပါတာပေါ့။ အဲဒီ အစည်းအဝေးကပဲ 'အရှင်ဥပါလိကို ဝိနယပိဋက၊ အရှင်အာနန္ဒာကို ဒီဃနိကာယ်၊ အရှင်သာရိပုတ္တရာရဲ့ တပည့်တွေကို မဇ္ဈိမနိကာယ်၊ အရှင်မဟာကဿပကို သံယုတ္တနိကာယ်၊ အရှင်အနုရုဒ္ဓါကို အင်္ဂုတ္တရနိကာယ်ကို သင်ကြားပေးဖို့ တာဝန်ပေးခဲ့တယ် (ဒီ–ဠ ၁၊ ၁၅)'။

ခုဒ္ဒကနိကာယ်ကို မည်သူ့အား တာဝန်ပေးကြောင်း မသိရပေမဲ့ အဘိဓမ္မာပိဋကကိုတော့ အရှင်သာရိပုတ္တရဲ့ တပည့်တွေကပဲ တာဝန်ယူ ပို့ချခဲ့ကြဖွယ် ရှိပါတယ်။ သင်ကြားပုံက ကျောက်သင်ပုန်းနဲ့ ပေရွက်နဲ့ မဟုတ်ဘူး။ မူရင်း ပါဠိတော်ကို ဆရာက နှုတ်တိုက်ချပေးလိုက်၊ အဲဒီ ပါဠိတော်ရဲ့ အနက်အဓိပ္ပာယ်ကို ရှင်းပြလိုက်နဲ့ တပည့်တွေကို သင်ပေးကြတာ။ ဆရာစဉ်ဆက် ဒီလိုပဲ ပို့ချလာလိုက်တာ အသောကမင်းလက် ထက် တတိယသံဂါယနာ တင်ချိန်ထိ အိန္ဒိယမှာ ဆရာစဉ်ငါးဆက် (နှစ်ပေါင်း ၂၃၀) ကျော် ကြာတယ်။

အာဂုံဆောင်တာဟာ စာကြည့်တိုက်က စာအုပ်တွေထက် အားကိုးရတယ် ဆိုတဲ့ သီအိုရီကို ကြားဖူးပါတယ်။ စာကြည့်တိုက်ကို မီးလောင်ရင် နာရီပိုင်းအတွင်း စာအုပ်တွေ ပျက်စီးသွားနိုင်တာပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ်ကျော် လောက်က ကွက်စိပ်ဟောဆရာ ဦးလေးဝမ်းကွဲ နှုတ်တိုက် သင်ပေးခဲ့တဲ့ ပဒုမပေါင်တို ဇာတ်ထဲက စာသားတစ်ချို့ကို ဘုန်းကြီး ယနေ့တိုင် ဦးလေးရဲ့ လေယူလေသိမ်း အတိုင်း အလွတ်ရနေပါတယ်။ ငယ်ငယ်က ရေးကူးထားတဲ့ စာအုပ်တွေတော့ ပျောက်ပျက်သွားပါပြီ။ ဒါကိုကြည့်ရင် အဲဒီ သီအိုရီကို ထောက်ခံ ရပါလိမ့်မယ်။

## ဗုဒ္ဓဓမ္မကို အက္ခရာနဲ့ ရေးချိန်

အသောကမင်းရဲ့ သားတော် အရှင်မဟိန္ဒ ဦးဆောင်တဲ့ မထေရ်ငါးပါးဟာ တတိယသံဂါယနာမှာ အတည်ပြုတဲ့ ပိဋကတ်သုံးပုံနဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက် (အဋ္ဌကထာ) တွေကို ဗုဒ္ဓလွန်ပြီး ၂၃၆ နှစ်အကြာ (မဟာဝံသ မှတ်တမ်းအရ) မှာ အိန္ဒိယကနေ သီဟိုဠ်ကို နှုတ်နဲ့ပဲ သယ်ယူခဲ့ကြတယ်။ အရှင်မဟိန္ဒဟာ သီဟိုဠ် အနုရာဓမြို့မှာ မဟာဝိဟာရကျောင်း တိုက်ကြီးကို တည်ထောင်တယ်။ အဲဒီ ကျောင်းတိုက်ကြီးမှာပဲ အိန္ဒိယက အမွေရခဲ့တဲ့ ပိဋကတ်သုံးပုံနဲ့ အဋ္ဌကထာတွေကို နောက်ထပ် နှစ်ပေါင်း နှစ်ရာကျော်ကြာ ဆရာစဉ်ဆက် နှုတ်တိုက်ပို့ချခဲ့ကြတယ်။ ဒီအချိန်ထိ ဗုဒ္ဓဓမ္မကို အက္ခရာနဲ့ မရေးရသေးဘူး။ ဝဋ္ဋဂါမဏိမင်းလက်ထက် (ဘီစီ ၂၉–၁၇) သီဟိုဠ်မှာ ကြီးမားတဲ့ စစ်မက်ဘေး၊ ငတ်မွတ်ခေါင်းပါးဘေးတွေနဲ့ ကြုံလို့ ပါဠိ အဋ္ဌကထာကို နှုတ်လွတ်ဆောင်ဖို့ ခဲယဉ်းတာကို ရဟန္တာမထေရ်ကြီးတွေ သတိပြု



www.kelasa.org

www.kelasa.org

မိသွားပြီး ပိဋကတ်သုံးပုံနဲ့ အဋ္ဌကထာကို ပေပေါ်မှာ ရေးတင်ပါတယ်။ ဒါကို စတုတ္ထ သံဂါယနာတင်တာလို့လဲ ခေါ်ပါတယ်။ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန် စံလွန်ပြီး နောက် နှစ်ပေါင်း ၄၅၀ လောက် အကြာမှာလို့ အကြမ်းဖြင်း ဆိုနိုင်ပါတယ်။

## သုံးသပ်ချက် နှစ်မျိုး

၁) အဲဒီလောက် ကြာတဲ့ နှစ်ကာလအတွင်း ထေရဝါဒ မဟုတ်တဲ့ စာပိုဒ်တွေ အယူအဆတွေ သုတ္တန်တွေ ပိဋကတ်သုံးပုံထဲမှာ မရောနှောဘဲ ရှိပါ့မလား၊ စတုတ္ထ သံဂါယနာမှာ ရေးတင်တယ်ဆိုတဲ့ ပိဋကတ်သုံးပုံကော ယနေ့ခေတ် ပိဋကတ် သုံးပုံနဲ့ ဘယ်လောက်များ တူညီနိုင်ပါ့မလဲလို့ အနောက်တိုင်းသားတွေက ဝေဖန်လေ့ ရှိပါတယ်။ သမိုင်းရှုထောင့်နဲ့ သုတေသနအမြင်အရ အဲဒီလို ဝေဖန်ခွင့် ရှိပါတယ်။

ဒါပေမဲ့ ၎င်းတို့အနေနဲ့ 'ကောင်းကင် တစ်နေရာမှာ နေတယ်ဆိုတဲ့ ဘုရားသခင်က တမန်တော်တွေကို ကျမ်းမြတ်တွေ သင်ပေးတာကို တမန်တော်တွေက ရေးမှတ်ထားတယ်' ဆိုတာကို မျက်စိမှိတ် ယုံကြည်နိုင်ပေမဲ့ ဗုဒ္ဓရဲ့ တပည့်တွေက ဗုဒ္ဓ ဟောတဲ့ တရားတွေကို တိတိကျကျ အာဂုံ ဆောင်လာတယ် ဆိုတာကိုတော့ မယုံကြည်နိုင်ဘဲ ဖြစ်နေတယ်လို့တော့ ထောက်ပြရလိမ့်မယ်။

၂) ရဟန္တာကြီး အရှင်မောဂ္ဂလ္လာန် မထေရ်ဟာ ဓားပြတွေ ရိုက်နှက်လို့ရတဲ့ သေလောက်အောင် ပြင်းထန်တဲ့ ဒဏ်ရာကို ဖလသမာပတ် သမာဓိနဲ့ တည်ငြိမ်စွာ သည်းခံနိုင်တယ်။ (အနောက်တိုင်းသား ဆရာဝန် တစ်ယောက်တောင် လူနာကို သတိပဋ္ဌာန်နည်းနဲ့ တရားမှတ်ခိုင်းပြီး စမ်းသပ် ခွဲစိတ်တဲ့ သတင်းကို မကြာခင်က ဖတ်ရတယ်)။ ဗုဒ္ဓ ဓမ္မကို နှုတ်ငုံဆောင်ကြတဲ့ ဗုဒ္ဓရဲ့ တပည့်တွေဆိုတာက အဲဒီလို ပုဂ္ဂိုလ်တွေပါ။ ရန်သူတွေ နှိပ်စက်ခံရလို့ အသက်ကုန်ခါနီးမှာ 'ကြီးသော အသံ'နှင့် အဖဘုရားသခင်ကို အော်ဟစ်တမ်းတတဲ့ တမန်တော်၊ စစ်တိုက်တဲ့ တမန်တော်တွေမှာ အဲဒီလို အထက်တန်းကျတဲ့ စိတ်ပိုင်းဘဝ လေ့ကျင့်မှု အရည်အချင်းမျိုး မရှိလို့ ဘုရားသခင်က ပေးတယ်ဆိုတဲ့ ကျမ်းမြတ်တွေမှာလည်း လောဘရိပ်၊ ဒေါသရိပ်၊ မောဟရိပ်တွေ များစွာ လွှမ်းမိုးနေတာကို တွေ့နိုင်ပါတယ်။

## ဗုဒ္ဓဝါဒီ ပညာရှင်ရဲ့ အမြင်

'အရှင်မဟာဗုဒ္ဓဃောသနဲ့ တရုတ်ရဟန်းတော် ဖာဟီယန်တို့ အေဒီ ငါးရာစုမှာ အိန္ဒိယကနေ သီဟိုဠ်ကို ရောက်လာကြတာဟာ (သီဟိုဠ်မှာ ရှိနေတဲ့) လက်ရှိ ပိဋကတ်ကို ရှေးဟောင်း ထေရဝါဒ အမှန်ဖြစ်တယ်လို့ ယုံကြည်ကြလို့ပဲ။ ထေရဝါဒ ရဟန်းတော်တွေဟာ စကားလုံး တစ်လုံးတလေရဲ့ သန့်ရှင်းမှု (အနက်အဓိပ္ပာယ် မချွတ်ယွင်းစေမှု) ကိုပင် အထူးဂရုစိုက်ကြတယ်ဆိုတဲ့ ရှုထောင့်ကနေ ကြည့်ရင် ပိဋကတ်ကျမ်း စာတွေဟာ အထည်ကိုယ်အနေနဲ့ တစ်စုံတစ်ရာ ပြောင်းလဲခြင်း ဖြစ် နိုင်ဖွယ် မရှိ (Malalasekera, *Pali Literatur of Ceylon*, p. 44)'။

## ဂိုဏ်းကွဲတာ ဘာကြောင့်

ဗုဒ္ဓဝါဒမှာ ဂိုဏ်းကွဲရတာဟာ ဓမ္မရေးရာ အဓိပ္ပာယ် ကောက်ယူမှု မတူတာက စတင်ခဲ့တာ မဟုတ်ဘူး။ ဝိနယအယူအဆနဲ့ လိုက်နာကျင့်ကြံရေး အလျော့အတင်း ကွဲပြားတာက စတင်ခဲ့တာပါ။ ဂိုဏ်းကွဲပြီးနောက် ဓမ္မရေးရာ အယူအဆတွေလဲ တဖြည်းဖြည်း ကွဲလွဲသွားတယ်။ ဒါတောင် အခြေခံဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်၊ ဘဝသံသရာ ယူဆချက်တွေဟာ အတူတူပဲ။ ယုံကြည်မှု သို့ မဟုတ် ဗုဒ္ဓဘာသာ ဟူသောအကြောင်းကြောင့် ဗုဒ္ဓဝါဒီတွေ အချင်းချင်း စစ်မက်ဖြစ်ခြင်း ရာဇဝင်မှာ မရှိဖူးပါဘူး။

## မြန်မာပြည် ဘာကြောင့် ဆင်းရဲ

ကမ္ဘာပေါ်မှာ မြန်မာတွေလောက် ဘယ်သူမှ ဗုဒ္ဓဝါဒကို မယုံကြည် မကိုးကွယ်ပါဘူးဆိုတာကို ဘုန်းကြီး လက်မခံဘူး။ အနည်းဆုံး သီရိလင်္ကာနဲ့ ထိုင်းလောက်ကို သွားပြီး စနစ်တကျ လေ့လာကြည့်ပါ။ ဗုဒ္ဓဝါဒဆိုင်ရာ သမိုင်းအရရော ယုံကြည်မှုအရပါ မြန်မာနိုင်ငံအောက် မညံ့ဘူးဆိုတာကို တွေ့ရပါလိမ့်မယ်။ ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ်လောက်က မုန့်ဟင်းခါး တစ်ပွဲကို ငါးပြားနဲ့ အဝစားနိုင်ခဲ့တာ၊ ရွှေတစ်ကျပ်သားကို နှစ်ရာ့ငါးဆယ်ကျပ် လောက်နဲ့ ဝယ်ယူနိုင်ခဲ့တာတွေကို အမှတ်ရရင် ယခုမြန်မာနိုင်ငံ ဆင်းရဲနေရတာ ဗုဒ္ဓဝါဒနဲ့ မဆိုင်ဘူးလို့ ဆင်ခြင်နားလည်နိုင်ပါလိမ့်မယ်။

နိုင်ငံ ကြီးပွားချမ်းသာအောင်နဲ့ ဖိနှိပ်မှုတွေ လွတ်မြောက်အောင် လုပ်ရမှာက ပုဂ္ဂိုလ်ကိုယ်စီတို့ရဲ့ လုံ့လအားထုတ်မှု၊ ပါဝင်ပတ်သက်မှု အပေါ်မှာပဲ တည်မှီပါလိမ့်မယ်။ ဗုဒ္ဓဟောတဲ့ ကမ္မဝါဒကို လက်ခံယုံကြည်ရင်ပေါ့လေ ... ။ ❐



www.kelasa.org